The Trusted Taskforce
အဖွဲ့ဝင်လိုအပ်ချက်အားကြေညာခြင်း

ရာထူးအမည်	**: ဖြစ်ရပ်ကူညီပံ့ပိုးသူ/Case Responder (CBCM)**
လိုအပ်သောအရေအတွက်	**: ၂ ဦး**
တာဝန်ထမ်းဆောင်ရမည့်နေရာ	**: ကရင်နီ ၁ ဦး ၊ တောင်ကုတ်(ရခိုင်) ၁ဦး**
လုပ်ငန်းသဘောတူညီမှုအမျိုးအစား	**: သတ်မှတ်ကာလသဘောတူညီမှုအမျိုးအစား**
ကြီးကြပ်ရေးမှူး	**: Regional Focal (ဌာနေတာဝန်ခံ)**
လျှောက်လွှာပိတ်ရက်	**: ၃၁ အောက်တိုဘာ ၂၀၂၆** **(လျှောက်ထားလိုသောရာထူးနှင့်တာဝန်ထမ်းဆောင်မည့်နေရာအားလျှောက်လွှာတွင် ဖော်ပြရန်လိုအပ်ပါသည်)**

အဖွဲ့အစည်း (Triple T)မိတ်ဆက်

အဖွဲ့အစည်းအကြောင်း

The Trusted Taskforce (Triple-T) သည် မြေပြင်ရောက် တုံ့ပြန်ကူညီမှုပေးသော ဒေသခံအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး နယ်ပယ်အသီးသီးတွင် အထူးပြုသူ၊ ကျွမ်းကျင်သူ၊ အတွေ့အကြုံရှိ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ အထူးသဖြင့် လူသားချင်းစာနာမှု၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ ရန်ပုံငွေအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ခဲ့သော၊ ပုဂ္ဂလိကအပါအဝင် အကျိုးအမြတ်မယူသောကဏ္ဍများ၌ အတွေ့အကြုံရှိ ဒေသခံ ကျွမ်းကျင်သူများ ပါဝင်ပါသည်။ အဖွဲ့အစည်း၏ အထူးကျွမ်းကျင်မှုနယ်ပယ်များမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ် တုံ့ပြန်အကူအညီပေးရေး၊ အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ကာကွယ်ရေးနှင့် အကူအညီပေးရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးနှင့် အကာအကွယ်ပေးရေး လုပ်ငန်းများ၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အစီအစဉ်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကုန်ပစ္စည်းနှင့် ပို့ဆောင်ရေးစီမံခန့်ခွဲမှု၊ စောင့်ကြည့်လေ့လာခြင်း၊ ဆန်းစစ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် သင်ယူလေ့လာခြင်းဆိုင်ရာ လုပ်ငန်းများ (MERAL)၊ လူစွမ်းအားအရင်း အမြစ်စီမံခန့်ခွဲမှု၊ ဒီဂျစ်တယ်လုံခြုံရေး အပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာ စီမံခန့်ခွဲမှု၊ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တည်ဆောက်ခြင်း စသည်တို့ ဖြစ်ပါသည်။

လုပ်ငန်းဆောင်တာများ

Triple-T သည် အဓိကအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြေရှင်းဆောင်ရွက်မှုများ၊ လူခွင့်အရေး အခြေပြု

အစီအစဉ်များ၊ အရေးပေါ်တုံ့ပြန်မှုများ၊ ဒေသနှင့်ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းရည်နှင့်စနစ်မြှင့်တင်ရေး တို့ကို အထူးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဒေသခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွန်ရက်ချဲ့ထွင်ခြင်း၊ ညှိနှိုင်းဆောင် ရွက်ခြင်းနှင့် မိတ်ဖက်ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတစ်ဝှမ်းနှင့် နယ်စပ်ဒေသများတွင် အကူအညီပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အကျဉ်းချုပ် လုပ်ငန်းတာဝန်များ - ရပ်ရွာအခြေပြု အမှုကိစ္စစီမံဆောင်ရွက်မှု (Community-Based Case Management – CBCM) (Case Responder) သည် ပဋိပက္ခဒဏ်သင့် အရွယ်ရောက်ပြီးသူများ၊ ထိခိုက်လွယ်သူများ၊ မိသားစုများနှင့် ရပ်ရွာလူထုဝင်များအတွက် အသက်ကယ်တင်ရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုအကူအညီများ ပေးအပ်ခြင်း၊ ဒေသအခြေအနေနှင့် ကိုက်ညီသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်း၊ မိသားစုနှင့် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးသည့် လုပ်ငန်းများကို လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရမည်ဖြစ်သည်။
CBCM အကြီးတန်းအရာရှိ (Sr. Officer – CBCM) ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်ရမည့် Case Responder သည် ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်စီမံဆောင်ရွက်မှုလုပ်ငန်းများကို နေ့စဉ် ကွင်းဆင်းအကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ ယင်းတွင် အကာအကွယ်နှင့် အကူအညီလိုအပ်နေသော အရွယ်ရောက်ပြီးသူ တစ်ဦးချင်းစီ၊ ထိခိုက်ခံစားခဲ့ရသူများနှင့် အန္တရာယ်ကျရောက်နိုင်ခြေရှိသော ရပ်ရွာလူထုများကို ရှာဖွေဖော်ထုတ်ခြင်း၊ ကနဦးလက်ခံတွေ့ဆုံ၍ လိုအပ်ချက်များကို စိစစ်အကဲဖြတ်ခြင်း၊ အရေးပေါ်ငွေကြေးနှင့် ငွေကြေးမဟုတ်သော အကူအညီများ ရရှိစေရန် စီစဉ်ပံ့ပိုးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုစောင့်ရှောက်ခြင်း (Psychological First Aid – PFA)၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ (Psychosocial Support – PSS) ပေးအပ်ခြင်း၊သက်ဆိုင်ရာဝန်ဆောင်မှုများရရှိနိုင်ရန်လွှဲပြောင်းချိတ်ဆက်ပေးခြင်းနှင့်နောက်ဆက်တွဲပံ့မှန်သွားရောက်တွေ့ဆုံကူညီပေး ခြင်းတို့ ပါဝင်သည်။
ထို့အပြင် စီမံကိန်းလုပ်ငန်းခွင်များသို့ မကြာခဏ သွားရောက်ကွင်းဆင်း၍ လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ခြင်း၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (Community-Based Organizations – CBOs) နှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ကွင်းဆင်းအချက်အလက်များ စုဆောင်းခြင်း၊ ကွင်းဆင်းလုပ်ငန်းများအတွက် အခြေခံထောက်ပံ့ပို့ဆောင်ရေးနှင့် ငွေကြေးစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ပံ့ပိုးကူညီခြင်းတို့ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

လုပ်ငန်းတာဝန်များ

ကွင်းဆင်းလုပ်ငန်း အကောင်အထည်ဖော်ခြင်းနှင့် အမှုကိစ္စစီမံဆောင်ရွက်မှု ပံ့ပိုးခြင်း (ရပ်ရွာ/အရွယ်ရောက်ပြီးသူ ကာကွယ်စောင့်ရှောက်ရေး)

- Sr. Officer (CBCM) အား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များ သို့မဟုတ် အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့နေရသော ထိခိုက်လွယ်သည့် အရွယ်ရောက်ပြီးသူများ၊ အိမ်ထောင်စုများနှင့် ရပ်ရွာလူထုများကို ရှာဖွေဖော်ထုတ်ရန် အသိပညာပေးဆက်သွယ်ရေးနှင့် ကွင်းဆင်းချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ပံ့ပိုးကူညီရန်။

- ဖြစ်ရပ်ဆိုင်ရာ လွှဲပြောင်းညွှန်းပို့မှုများကို လက်ခံခြင်း၊ ကနဦးစိစစ်အကဲဖြတ်ခြင်းနှင့် Triple-T ၏ စံလုပ်ထုံးလုပ်နည်းများ (SOPs) နှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများနှင့်အညီ အရွယ်ရောက်ပြီးသူများ၏ ဖြစ်ရပ်ကိစ္စများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အန္တရာယ်များနှင့် လိုအပ်ချက်များကို အကဲဖြတ်ရာတွင် ပံ့ပိုးကူညီရန်။
- စိတ်ပိုင်းဆိုင်ရာ ကနဦးပြုစုစောင့်ရှောက်ခြင်း (Psychological First Aid – PFA)၊ စိတ်လူမှုဆိုင်ရာ ပံ့ပိုးကူညီမှု (Psychosocial Support – PSS) နှင့် လတ်တလောအရေးပေါ်လိုအပ်သောအသုံးအဆောင်ပစ္စည်းများ (Non-Food Items – NFIs) ကဲ့သို့သော အရေးပေါ်ကာကွယ်စောင့်ရှောက်မှု အကူအညီများ ပေးအပ်ရာတွင် ပံ့ပိုးကူညီရန်။
- စိတ်လူမှုပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့်ကောင်းမွန်မှုတို့ တိုးတက်လာစေရန် Triple-T ၏ ချမှတ်ထားသောအသေးစိတ် အစီအစဉ်များကို အကောင်အထည်ဖော်၍ ရပ်ရွာနှင့် မိသားစုများ၏ ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီရန်။
- အရွယ်ရောက်ပြီးသူ ထိခိုက်ခံစားခဲ့ရသူများကို လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆိုင်ရာ ပံ့ပိုးကူညီမှု (MHPSS)၊ ဥပဒေရေးရာဝန်ဆောင်မှုများ၊ လုံခြုံသော ယာယီခိုလှုံရာများ သို့မဟုတ် ကျား၊ မ အခြေပြုအကြမ်းဖက်မှု (GBV) တုံ့ပြန်ဆောင်ရွက်ရေး ဝန်ဆောင်မှုပေးသူများထံသို့ လုံခြုံစိတ်ချစွာနှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်း၍ လွှဲပြောင်းချိတ်ဆက်ပေးရာတွင် ပံ့ပိုးကူညီရန်။
- အကူအညီရရှိသူများနှင့် ၎င်းတို့၏ မိသားစုများထံသို့ ပုံမှန်နှင့် လေးစားမှုရှိစွာ နောက်ဆက်တွဲသွားရောက်တွေ့ဆုံခြင်းဖြင့် အန္တရာယ်အခြေအနေ ပြောင်းလဲမှုများ၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာကောင်းမွန်မှုနှင့် တိုးတက်မှုများကို စောင့်ကြည့်ရန်။
- ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရေးဆိုင်ရာ အဓိကသတင်းစကားများကို ရပ်ရွာအစည်းအဝေးများ၊ အသံဖိုင်များ၊ ပိုစတာများနှင့် ဒေသတွင်းဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ဒေသသုံးဘာသာစကားများဖြင့် ဖြန့်ဝေရာတွင် ကူညီရန်။

စေတနာ့ဝန်ထမ်းများအား ပံ့ပိုးခြင်းနှင့် ရပ်ရွာလူထုနှင့် ထိတွေ့ပူးပေါင်းဆောင်ရွက်ခြင်း

- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်းနှင့် လုံခြုံစိတ်ချရသော ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်မှုများ ဆောင်ရွက်ခြင်းတို့တွင် ရပ်ရွာစေတနာ့ဝန်ထမ်းများ၊ People Volunteers (PVs) နှင့် ဒေသခံရှေ့တန်းလုပ်ငန်းဆောင်ရွက်သူများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ရန်။
- ရပ်ရွာစေတနာ့ဝန်ထမ်းများအား "အကူညီလိုအပ်သူများထိခိုက်နစ်နာမှုမဖြစ်စေရေး" (Do No Harm)၊ လျှို့ဝှက်ချက်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ငန်းစဉ်အားလုံးတွင် လုံခြုံစွာ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရေး (Protection Mainstreaming) ဆိုင်ရာ လမ်းညွှန်သင်ကြားမှုများ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် နေ့စဉ်လုပ်ငန်းခွင် လေ့ကျင့်ပံ့ပိုးမှုများ ပြုလုပ်ရာတွင် Sr. Officer (CBCM) အား ကူညီရန်။
- ရပ်ရွာလူထုနှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန်နှင့် မတူကွဲပြားသော ရပ်ရွာအုပ်စုများနှင့် ဆက်သွယ်ပြောဆိုရာတွင် လေးစားမှုရှိစေရန် ပံ့ပိုးဆောင်ရွက်ရန်။

စောင့်ကြည့်အကဲဖြတ်ခြင်း၊ သုံးသပ်ခြင်းနှင့် ဒစ်ဂျစ်တယ်အချက်အလက် ဖြည့်သွင်းခြင်း

- Sr. Officer (CBCM) နှင့် MERAL တာဝန်ခံ၏ လမ်းညွှန်မှုအောက်တွင် KOBO Toolbox ကဲ့သို့သော ဒစ်ဂျစ်တယ်ကိရိယာများကို အသုံးပြု၍ ကွင်းဆင်းအချက်အလက်များ စုဆောင်းရာတွင် ပံ့ပိုးကူညီရန်။
- အရွယ်ရောက်ပြီးသူများ၏ ကာကွယ်စောင့်ရှောက်ရေး အမှုကိစ္စများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်မှတ်တမ်းများကို တိကျပြည့်စုံစွာ ထိန်းသိမ်းထားရှိပြီး လျှို့ဝှက်ချက်ကို အထူးတင်းကျပ်စွာ ထိန်းသိမ်းရန်။
- စီမံကိန်း၏ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုကောင်းမွန်လာစေရန်နှင့် ရပ်ရွာလူထုဦးဆောင်သော လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်မှုများကို ပံ့ပိုးနိုင်ရန် အကူအညီရရှိသူများ၏ အကြံပြုချက်များနှင့် ရပ်ရွာလူထု၏ သဘောထားအကြံပြုချက်များကို စုဆောင်းရန်။
- အပတ်စဉ်နှင့် နှစ်ပတ်တစ်ကြိမ် ကွင်းဆင်းလုပ်ငန်းမှတ်တမ်းများ၊ အကူအညီပစ္စည်းများ ဖြန့်ဝေမှုခြေရာခံစာရင်းများနှင့် လုပ်ငန်းတိုးတက်မှု အစီရင်ခံချက်များကို ပြင်ဆင်ပြီး Sr. Officer (CBCM) ထံ ပုံမှန်တင်ပြရန်။

ဘဏ္ဍာရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှု ပံ့ပိုးခြင်း

- အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းလုပ်ငန်းများအတွက် ခန့်မှန်းဘတ်ဂျက်များ၊ ကြိုတင်ငွေတောင်းခံလွှာများနှင့် ကြိုတင်ငွေရှင်းတမ်းဆိုင်ရာ စာရွက်စာတမ်းများ ပြင်ဆင်ရာတွင် ကူညီရန်။
- ဘဏ္ဍာရေးအရာရှိ (Finance Officer) ထံ တင်ပြရန်အတွက် ကွင်းဆင်းလုပ်ငန်းဆိုင်ရာ ငွေကြေးအသုံးစရိတ်ပြေစာများ၊ အကူအညီရရှိသူများ သို့မဟုတ် ပစ္စည်းလက်ခံရရှိသူများ၏ စာရင်းများနှင့် ပစ္စည်းရောင်းချသူများဆိုင်ရာ စာရွက်စာတမ်းများကို တိကျစွာ စုဆောင်း၊ စစ်ဆေးအတည်ပြုပြီး စနစ်တကျ စီစဉ်ထိန်းသိမ်းရန်။
- အရေးပေါ်အထောက်အပံ့ပစ္စည်းများနှင့် ရပ်ရွာလုပ်ငန်းများအတွက် အသုံးပြုမည့် ပစ္စည်းများကို ကုန်ကျစရိတ်သက်သာထိရောက်စွာ ဝယ်ယူခြင်း၊ ဖြန့်ဝေခြင်းနှင့် သိုလှောင်ခြင်းတို့တွင် ပံ့ပိုးကူညီရန်။

ကာကွယ်စောင့်ရှောက်ရေး၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုနှင့် လုံခြုံရေး

- လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများမှ ကာကွယ်ရေး (Protection from Sexual Exploitation and Abuse – PSEA)၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် အရွယ်ရောက်ပြီးသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စံနှုန်းများကို တင်းကျပ်စွာ လိုက်နာရန်။
- ကွင်းဆင်းသွားလာမှုဆိုင်ရာ လုံခြုံရေးလုပ်ထုံးလုပ်နည်းများကို လိုက်နာရန်၊ လုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များကို သက်ဆိုင်ရာသို့ သတင်းပို့ရန်နှင့် ကွင်းဆင်းခရီးစဉ်များ၊ နေအိမ်များသို့ သွားရောက်တွေ့ဆုံမှုများအတွင်း အန္တရာယ်လျှော့ချရေးအစီအမံများကို လိုက်နာကျင့်သုံးရန်။

အခြားတာဝန်များ

- ကြီးကြပ်သူမှ သတ်မှတ်ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရန်။

လိုအပ်ချက်များ

လုပ်ငန်းအတွေ့အကြုံ (Experience)

- မြန်မာနိုင်ငံအတွင်း ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ရေး၊ အထွေထွေကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးလုပ်ငန်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွင်းဆင်းအကူအညီပစ္စည်းဖြန့်ဝေရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ လက်တွေ့လုပ်ငန်းအတွေ့အကြုံရှိရမည်။
- ထိခိုက်လွယ်သော အရွယ်ရောက်ပြီးသူများ၊ ပဋိပက္ခဘေးဒဏ်သင့် ရပ်ရွာလူထုများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs) နှင့် ဒေသခံရပ်ရွာခေါင်းဆောင်များနှင့်အတူ လုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံရှိရမည်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမှုကိစ္စစီမံဆောင်ရွက်မှု၊ သက်ဆိုင်ရာဝန်ဆောင်မှုများသို့ လွှဲပြောင်းချိတ်ဆက်ပေးသည့် လုပ်ငန်းစဉ်များ၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု (GBV) လျှော့ချကာကွယ်ရေး သို့မဟုတ် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုဆိုင်ရာ ပံ့ပိုးကူညီမှု (MHPSS) လုပ်ငန်းများတွင် အခြေခံအတွေ့အကြုံရှိပါက ပိုမိုဦးစားပေးမည်။

ပညာအရည်အချင်း (Qualifications)

- အနည်းဆုံး အထက်တန်းအောင်လက်မှတ်ရှိသူဖြစ်ရမည်၊ အထက်တန်းလွန်ပညာရေးဆိုင်ရာ လက်မှတ် သို့မဟုတ် လူမှုရေးလုပ်ငန်း (Social Work)၊ လူမှုဗေဒ (Sociology)၊ ပြည်သူ့ကျန်းမာရေး (Public Health)၊ ဖွံ့ဖြိုးရေးလေ့လာမှု (Development Studies) သို့မဟုတ် သက်ဆိုင်ရာ လူမှုသိပ္ပံဘာသာရပ်များတွင် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သက်ဆိုင်ရာအရည်အချင်းလက်မှတ် ရရှိထားသူ အထူးဦးစားပေးမည်။
- ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အခြားကဏ္ဍများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း (Protection Mainstreaming)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများမှ ကာကွယ်ရေး (PSEA) သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုကူညီမှု (Psychological First Aid – PFA) ဆိုင်ရာ သင်တန်းဆင်းလက်မှတ်များ ရှိပါက အားသာချက်ဖြစ်သည်။

ကျွမ်းကျင်မှုနှင့် ဗဟုသုတ (Skills and Knowledge)

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအခြေခံမူများ၊"အကူညီလိုအပ်သူများထိခိုက်နစ်နာမှု မဖြစ်စေရေး" (Do No Harm)၊ လျှို့ဝှက်ချက်ထိန်းသိမ်းရေးနှင့် ထိခိုက်ခံစားခဲ့ရသူကို ဗဟိုပြုသည့် ချဉ်းကပ်ဆောင်ရွက်မှု (Survivor-Centered Approach) တို့နှင့်ပတ်သက်သော အခြေခံဗဟုသုတရှိရမည်။
- ရပ်ရွာလူထုဝင်များ၊ ဒေသခံသက်ဆိုင်သူများနှင့် စေတနာ့ဝန်ထမ်းများနှင့် ထိရောက်စွာ၊ လေးစားမှုရှိစွာ ဆက်သွယ်ဆောင်ရွက်နိုင်သည့် လူမှုဆက်ဆံရေးနှင့် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှုကောင်းများ ရှိရမည်။
- ကွန်ပျူတာအခြေခံကျွမ်းကျင်မှု (MS Word၊ Excel) ရှိရမည်ဖြစ်ပြီး KOBO Toolbox ကဲ့သို့သော မိုဘိုင်းဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသုံးပြု၍ ကွင်းဆင်းအချက်အလက်များ စုဆောင်းနိုင်ရမည်။
- မြန်မာဘာသာစကားဖြင့် ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရမည်။ သက်ဆိုင်ရာဒေသသုံးဘာသာစကားများဖြစ်သည့် ကရင်နီ၊ စစ်ကိုင်း၊ ရခိုင်နှင့် မကွေးဒေသသုံးစကားများကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ပါက အထူးအားသာချက်ဖြစ်သည်။
- ခက်ခဲပြီး အခြေအနေအပြောင်းအလဲများရှိသော ပတ်ဝန်းကျင်များအတွင်း စီမံကိန်းကွင်းဆင်းနေရာများသို့ မကြာခဏ သွားရောက်လုပ်ကိုင်ရန် ဆန္ဒရှိရမည်။

- မိမိ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာကောင်းမွန်မှုကို ကိုယ်တိုင်ဂရုစိုက်ထိန်းသိမ်းရန် (Self-care) အလေးထားရမည်ဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုများကို လက်ခံသင်ယူလိုစိတ်ရှိရမည်။

Triple-T ၏ စံသတ်မှတ်ချက်များ

- အဖွဲ့အစည်း၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ပန်းတိုင်များနှင့် တန်ဖိုးထားမှုများအတွက် ခိုင်မာသောကတိကဝတ်ရှိခြင်း။
- မတူကွဲပြားမှု၊ မျှတမှုနှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ အခြေခံမူများကို နားလည်သဘောပေါက် လက်ခံကျင့်သုံးခြင်း။
- မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထု၏လိုအပ်ချက်များကို ကူညီဆောင်ရွက်လိုစိတ်ရှိခြင်း။
- လုပ်ငန်းခွင်အမျိုးမျိုး၏ ယဉ်ကျေးမှုအလေ့အထများ၊ ပဋိပက္ခနှင့်ထိခိုက်လွယ်သောအခြေအနေများကို မြန်မြန်ဆန်ဆန် နားလည်သဘောပေါက်နိုင်စွမ်းရှိခြင်း။
- အခြေအနေအလိုက် ပြောင်းလဲလုပ်ကိုင်နိုင်ပြီး စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းနိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိမှု။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအမြင်ထုတ်မှု၊ အနိုင်ကျင့်မှုနှင့် ကလေးသူငယ်အကာအကွယ်ပေးရေး စသည့် မူဝါဒများကို အပြည့်အဝ လိုက်နာကျင့်သုံးခြင်း။ PSEA နှင့် ကလေးကာကွယ်ရေး မူဝါဒချိုးဖောက်မှုများကို လုံးဝ ခွင့်မပြုခြင်း။

ကျွန်ုပ်တို့သည် အသက်အရွယ် (အနည်းဆုံး ၁၈ နှစ်ပြည့်ရမည်)၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်မှု၊ ယုံကြည်မှု၊ လိင်၊ လိင်တိမ်းညွတ်မှု၊ နိုင်ငံသား၊ လူမျိုးရေး သို့မဟုတ် လူမှုဇစ်မြစ်၊ အဆင့်အတန်း၊ မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင်ခြင်း သို့မဟုတ် မိခင်ဘဝ၊ အိမ်ထောင်ရေးအခြေအနေ သို့မဟုတ် အခြားသော ပင်ကိုယ်လက္ခဏာများကို မခွဲခြားဘဲ အလုပ်အကိုင်အခွင့်အလမ်းများ ညီမျှစွာပေးအပ်ပါသည်။

အထူးသတိပြုရန်အချက်။ ။ ဤအလုပ်နေရာအတွက် **မြန်မာနိုင်ငံသားများသာ** လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူများအား အဆင်သင့်ဖြစ်သည့်အချိန်တွင် အဆင့်ဆင့်စိစစ်သတ်မှတ်ပြီး၊ အင်တာဗျူးများကိုစီစဉ်ဆောင်ရွက်ပေးမည်။ အင်တာဗျူးပါသူများကိုသာပြန်လည် အကြောင်းကြားပါမည်။ လျှောက်ထားလိုပါက အမြန်ဆုံးလျှောက်ထားရန် အကြံပြုအပ်ပါသည်။

လျှောက်ထားရန်

စိတ်ပါဝင်စားသူများသည် CV (လျှောက်လွှာ) ကို **hr.recruitment@thetriple-t.org** သို့ပေးပို့နိုင်ပါသည်။